
ယုံချင်ယုံ မယုံချင်ယုံ ငါ မင်းကိုဖမ်းမိပြီ
ဘာသာပြန် စာရေးဆရာ - Marshmallow
(အစဉ်-၁)
(Chapter 1 - 10)

## အပိုင်း(၁)

## မြို့တော်က တကယ်ပဲအန္တာရာယ်များတယ်

ချင်းရှန်စီရင်စုက တရုတ်ကအကြီးမားဆုံးတောအုပ်ရှိရာနယ်မြေရှိတဲ့ စီရင်စုကဖြစ်လေသည်။အဲ့တာက တရုတ်ရဲ့နယ်စပ်နေရာမှာ တည်ရှိတာကြောင့်၊ တောင်များနဲ့တောအုပ်တွေက ကြီးစိုးထားလေတယ်၊သဘာဝပတ်ဝန်းကျင်ကလည်း ရှုပ်ထွေးလှလေကာ လမ်းတွေကလည်း ဖြတ်သန်းသွားလာဖို့မဖြစ်နိုင်လှလေဘူး။အံ့ဩတုန်လှုပ်ဖွယ်ကောင်းတဲ့နေရာနဲ့ ချိတ်ဆက်ထားနေပြီး ချင်းရှန်စီရင်စုကလည်း တရုတ်မှာရှိတဲ့ ချမ်းသာသူနဲ့ ဆင်းရဲသူကြားကအကြီးမားဆုံး ကွာဟချက်ဖြစ်တဲ့စီရင်စုဖြစ်လေသည်။

ကြီးကျယ်ခမ်းနားတဲ့တောင်က ဓောက်နက်ထဲမှာ ဆင်းရဲနွမ်းပါးပြီး မတိုးတက်သောရွာများရှိလေသည်။အတွင်းမှာ၊ သူတို့ဘဝတစ်လျှောက်လုံး တောင်များအပြင်မသွားဖူးတဲ့သက်ကြီးရွယ်အိုများစွာရှိလေတယ်၊ ကြမ်းတမ်းသောတောင်လမ်းတွေကြောင့် အပြင်သွားလာရတာဟာ အလွန်ခက်ခဲလှလေတာကြောင့်ဖြစ်လေသည်။

ချန်းယုက တောင်တွေမှာနေထိုင်တဲ့သူအမျိုးအစားမှာပါဝင်လေတယ်၊ သူမကလေးဘဝကအိပ်မက်ကတော့ ရွာသူကြီးလို ပညာတတ်သူတစ်ယောက်ဖြစ်ရန်ဖြစ်လေတယ်၊သေသေချာချာလေ့လာသင်ယူကာ၊နေ့ရက်တိုင်းကိုရှေ့ ဆက်လျှောက်လမ်းပြီး ကောင်းမွန်တဲ့တက္ကသိုလ်ကိုတက်ရောက်ခွင့်ရချင်လေပြီး၊ တောင်ကနေနောက်ဆုံးထွက်မြောက်ချင်လှလေသည်။သူမအား ကျွေးမွေးစောင့်ရှောက်ပေးတဲ့လူအိုကြီးက စာသေချာမ

လေ့လာရင်တောင်မှ အချိန်ကျလာရင်တော့ တောင်ကနေထွက်သွားနိုင်တယ်လို့ အမြဲပြောဆိုနေပေမဲ့ ချန်းယု သူမကတော့ အဲ့တာတွေက 'လှျို့ဝှက်ဆန်းကြယ်တဲ့အယောင်ဆောင်' လူအိုကြီးက သူမစာလေ့လာတာကို လက်လျှော့သွားအောင် သွေးဆောင်ဖျားယောင်းတဲ့ အလိမ်ညာစကားတွေဖြစ်မယ်လို့ ယုံကြည်နေလေတယ်၊ ပြီးတော့ စာသင်မယ့်အစား သူနဲ့အတူ သရဲတွေလိုက်ဖမ်းခိုင်းစေချင်တာကြောင့်ဖြစ်နိုင်လေသည်။

အမှန်ပါပဲ၊ ချန်းယုက မိဘမဲ့ကလေးတစ်ဦးပါ။သူမကိုမွေးစားထားတဲ့ လူအိုကြီးရဲ့စကားအရဆိုရင်၊ ချန်းယုက လွန်ခဲ့တဲ့ဆယ့်ငါးနှစ်က မထင်မှတ်ပဲ တောင်ခြေရင်းကနေသူကောက်ရခဲ့တာဖြစ်လေသည်။သူ သူမကိုရှာတွေ့ချိန်တုန်းက၊ ချန်းယုမှာ သူမဝိညာဉ်ရဲ့သုံးပုံပုံ နှစ်ပုံကိုဆုံးရှုံးနေခဲ့ပြီးဖြစ်လေတယ်၊ သူမနောက်ဆုံးအသက်ရှူချိန်ကိုတောင်ရောက်တော့မဲ့အထိ ဖြစ်နေလေတယ်၊ သူမဝိညာဉ်ကို ပြန်ခေါ်ဆောင်ဖို့ သူကျင့်စဉ်ကိုအချိန်အတိအကျ လုပ်ဆောင်နိုင်ခဲ့တာကြောင့်သာ သူမယခုထက်ထိ ကျန်းကျန်းမာမာ အသက်ရှင်နေထိုင်နိုင်လေတာဖြစ်လေသည်။

ဒီဟာနဲ့ပတ်သတ်ပြီးတော့၊ ချန်းယု သူမအသက်ခုနှစ်နှစ်မရောက်ခင် အထိ သတိမမူဘဲယုံကြည်လိုက်ပါတော့တယ်၊ ထို့နောက် ခုနှစ်နှစ်အကြာမှာတော့၊ သူမမှာပိုပြီးယုံကြည်လိုက်ရတာကလွဲပြီး အခြားနည်းထပ်မရှိလေတော့ဘူး။အဆုံးမှာတော့၊ သူမ ယင်-ယန်မျက်လုံးတွေဖွင့်လိုက်ပြီး နောက်၊သူမ သရဲတွေနဲ့လိပ်ပြာတွေကိုမြင်နိုင်လာလေတော့တယ်၊ ဒီအပြင်၊ လူအိုကြီးက ဒီလိုလက်တွေ့မကျတဲ့ ကံကိစ္စတွေမှာအယူသည်းလှလေသည်။

ဘာပဲဖြစ်ဖြစ်၊ စာလေ့လာသင်ယူတာက ရွာကနေထွက်ဖို့ တစ်ခုထဲသော နည်းလမ်းလို့ ဆုံးဖြတ်ချက်ချထားတဲ့ ချန်းယုကတော့၊တက္ကသိုလ်ဝင်ခွင့် အကြောင်းကြားစာကို နောက်ဆုံးတော့ရရှိသွားခဲ့ပါပြီ။အဲ့အချိန်မှာပဲ၊ စိတ်

အားထက်သန်နေတဲ့ချန်းယုက ရှာသူကြီးကိုကတိပေးလိုက်ပါတယ်။"သူကြီး တာမူရှာကကျွန်မကိုကျွေးမွေးပြုစုပေးတဲ့နေရာပဲ၊ ကျွန်မအောင်မြင်တဲ့စီးပွားရေးလုပ်ပြီးပိုက်ဆံရှာနိုင်တဲ့အချိန်ထိသာစောင့်နေလိုက်ပါ၊ ကျွန်မမွေးရပ်မြေရဲ့လမ်းကိုပြုပြင်တဲ့အစီအစဉ်ကို သေချာပေါက်တောင်းဆိုပေးမယ်။"

ရှာသူကြီးရဲ့မျက်ဝန်းတွေထဲ စိတ်လှုပ်ရှားတဲ့မျက်ရည်တွေနဲ့ပြည့်လျှံလာကာ၊ ချန်းယုလက်ကိုကိုင်ကာ ငိုသံပါတဲ့အသံနဲ့ပြောလာလေတော့တယ်။"တော်လိုက်တဲ့ကလေး၊ ဒီကနေထွက်သွားတယ်ဆိုတာတောင်မှ မင်းရဲ့ရွာကိုအမှတ်ရပေးနေတုန်းပဲ အာ"

"စာလေ့လာတဲ့စာအုပ်တွေက ဘာများကောင်းနေလို့လဲ? ငါ့စကေးတွေကိုသာနင်သေသေချာချာသင်ယူလိုက်မယ်ဆိုရင် ဒီကနေ အရင်နှစ်တွေကတည်းကမှ နင်ထွက်သွားပြီးနေလောက်ပြီ၊ နင်တစ်ဦးထဲနဲ့ လမ်းဆောက်လုပ်ရေးအတွက်ပေးချေနေနိုင်လောက်ပြီ။" 'လျှို့ဝှက်ဆန်းကြယ်ချင်ယောင်ဆောင်တဲ့အယောင်ဆောင်' လူအိုကြီးက ခြောက်နေတဲ့စီးကရက်ကိုခါချကာ တခြားတစ်ဖက်ကနေအသံပေးလိုက်လေသည်။

"အဘိုးသာအရမ်းစွမ်းအားကြီးတယ်ဆိုရင် ဒါဆိုအဘိုးလမ်းပြန်ပြင်တာကိုကျွန်မဘာကြောင့်ကျွန်မမမြင်နေရတာလဲ?" အယောင်ဆောင်အဘိုးကြီးအမြဲသူ့စွမ်းအားတွေနဲ့ သရဲတွေဖမ်းပြီး ပိုက်ဆံအများကြီးလုပ်လို့ရကြောင်းကြွားဝါပြောလေတိုင်း၊ ချန်းယုကလည်း အဲ့တာနဲ့ပတ်သတ်ပြီးအပြစ်ရှာကာပြန်ပြောဆိုလေသည်။

အဆုံးမှာတော့၊ မင်းသရဲတစ်ကောင်ဖမ်းမိတိုင်း ယွမ်၁ဂဂသာလက်ခံရရှိနေမယ်ဆိုရင်တော့၊ သူမမချမ်းသာခင် ဘယ်နှနှစ်တောင်ဖမ်းနေရတော့မှာလဲ?သူမကျူရှင်အတွက် သင်ယူလေ့လာတဲ့ချေးငွေရယူဖို့ သူမ

ဆင်းရဲနွမ်းပါးကြောင်းထောက်ခံချက်ရရှိဖို့တောင်လိုနေဦးမယ်။

ချန်းယု ရွာထဲကရွာသူကြီးတစ်ဦးထဲမှာသာရှိတဲ့ ဆိုင်ကယ်ကိုငှားယူကာ၊ ထောက်ခံချက်ယူဖို့ ပြူစူးဆောင့်အောင့်ရလေတော့သည်။သူမအိမ်ပြန်ရောက်လာချိန် ၊ ခြံဝန်းထဲ လူတွေပြည့်နေတာကို သူမမြင်လိုက်ရလေတော့သည်။

"ဧည့်သည်တွေလား?"ချန်းယု ခြံဝန်းထဲအပြုံးနဲ့ဝင်လာကာ၊ ဒီချမ်းသာတဲ့သူတွေက လူအိုကြီးရဲ့ဂုဏ်သတင်းကြောင့် အချို့ဝိညာဉ်တွေကိုပယောဂချွတ်ချင်တာကြောင့် ရောက်လာတာပဲဖြစ်လိမ့်မည်။

"မင်းကချန်းယုလား"အေးစက်လှတဲ့လူငယ်တစ်ဦးက သူမကိုစစ်ဆေးကြည့်ရှုတဲ့မျက်ဝန်းတစ်စုံနဲ့ကြည့်ရှုလာလေသည်။

ချန်းယု ထိုသူဒီလိုကြည့်လာတော့ အနည်းငယ်စိတ်မသက်သာသလိုခံစားလာရလေတယ်၊ ဒီတော့သူမလည်း သူ့အားပြန်စိုက်ကြည့်လိုက်ပြီး "ကျွန်မပဲ၊ ဘာကိစ္စရှိလို့လဲ?"

လူငယ်ရဲ့မျက်နှာအမူအယာက ချက်ချင်းမှုင်သက်သွားကာ၊ သူအချိန်အနည်းငယ်တိတ်ဆိတ်သွားပြီးနောက် ထပ်မံစကားပြောလာလေတော့တယ်။

"ငါ့နာမည်က ချန်းယန်၊ မင်းရဲ့အစ်ကိုပါ။"

"...."

သူမရဲ့ကံမကောင်းလှတဲ့ဖြစ်ရပ်တွေအကြောင်းတွေးမိသွားတော့၊ ချန်းယုကမောက်ကမဖြစ်သွားလေတော့သည်။ သူမမြို့တော်ကို တစ်ချက်လောက်ကြည့်ရှုဖို့ အမြဲသွားချင်နေခဲ့တာဖြစ်လေတယ်၊ ဒါကြောင့်သူမ ကမ္ဘာအသစ်ကိုသွားဖို့ ရထားလက်မှတ်တစ်ခုရယူရန်အတွက် နှစ်ပေါင်းများစွာ

ရုန်းကန်ကြိုးစားနေခဲ့တာဖြစ်လေသည်၊ သို့သော်လည်း တစ်စုံတစ်ယောက်က ရုတ်တရက်ကြီးရောက်ချလာပြီး သူမအိမ်က မြို့တော်မှာရှိတာလို့ပြောလာတော့၊ အဲ့နောက်တော့ သူမဘယ်လိုခံစားလိုက်ရပါလိမ့်?

ဆုံးရှုံးသွားပြီ အာ! ဒါကကြီးမားတဲ့ဆုံးရှုံးမှုကြီးပဲ အာ!!!

သူမမှတ်မိနေသေးတယ် သူမမူလတန်းကျောင်းတက်တုန်းက၊ကျောင်းသွားဖို့အတွက် နေ့တိုင်းသန်းခေါင်ယံအချိန်ထရပြီး နှစ်နာရီကြာတောင်တွေကိုဖြတ်ကာလမ်းလျှောက်ခဲ့ရလေတယ်။သူမမှတ်မိနေတုန်းပဲ နွေရာသီနဲ့ဆောင်းရာသီပိတ်ရက်တွေမှာ လူအိုကြီးနောက်လိုက်ပြီးသရဲအတူဖမ်းခဲ့ရတာဖြစ်လေတယ်၊အဲ့ကာလတွေအတွင်းမှာပဲ သူမဝီရိယရှိရှိ သူမအိမ်စာတွေပြီးအောင်လုပ်ခဲ့ရတာဖြစ်လေသည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအကြောင်းသူမတွေးမိတော့၊ သူမ 'အောင်ရင်အောင် မအောင်ရင်သေ'ဆိုတဲ့ သဘောထားမျိုးထားခဲ့ရတာဖြစ်လေသည်၊ အတိတ်အကြောင်းသူမများများစဉ်းစားမိလေ နာကြည်းချက်တွေပိုခံစားမိလေဖြစ်လေသည်။

ငါဘာေကြာင့်အဲ့တာတွေကို ဒုက္ခခံနေခဲ့ရလဲ...?

"ငါအရင်ကတည်းကမှ နင့်ကိုပြောပါတယ်၊အချိန်ကျလာတာနဲ့ နင်ရွာကထွက်သွားရမယ်ဆိုတာကို" တာမူရွာကနေထွက်လာချိန်တုန်းက 'အယောင်ဆောင်'အဘိုကြီးက သူအမြဲသယ်ဆောင်ထားတဲ့ အဝတ်အိတ်အား ချန်းယုကိုပေးလာလေသည်။

"အဘိုးကြီး..."လူအိုကြီးကို အမြဲလျစ်လျူရှုတဲ့ချန်းယု၊ ဒီတကြိမ်မှာတော့ သူနဲ့ခွဲခွာရမှာကို မုန်းတီးမိလေသည်။

"ဒီလိုအယောင်ဆောင်ပြီးငိုတာမျိုးငါ့ကိုလာမလုပ်နဲ့။" ချန်းယုလက်ကြားထဲ အဝတ်အိတ်ထည့်ပေးရင်း လူအိုကြီးပြောလာလေသည်။"ဒီပစ္စည်းတွေကိုငါထပ်သုံးလို့မရတော့ဘူး၊ ဒါတွေကိုနင်ယူသွားလို့ရတယ်"

"အဘိုးက ကျွန်မကိုရှင့်အမွေတွေဆက်ဆံစေချင်နေတုန်းပဲ" ချန်းယုပြော ကာ၊ အဝတ်အိတ်ထဲက ပစ္စည်းတွေကိုကြည့်လိုက်လေသည်။

"နင့်အဖေက မြို့တော်ဝန်လေ၊ ငါဘယ်လိုလုပ်လုပ်ရဲမှာလဲ?"လူအိုကြီးက စိတ်ဓာတ်ကျနေတဲ့ပုံစံနဲ့ပြောလာလေသည်၊"နင့်ကိုငါခေါ်လာတုန်းက နင့် ဝိညာဉ်ရဲ့သုံးပုံပုံနှစ်ပုံက ဆုံးရှုံးနေခဲ့ပြီ၊ ဝိညာဉ်ဆုံးရှုံးတာဖြစ်တာကလည်း အတော်ကြာတဲ့အချိန်ကဖြစ်ခဲ့တာကြောင့်၊ နင့်ကြွံခိုင်မှုအခြေအနေ ပြောင်းလဲတာမှာ မကူညီနိုင်တော့ဘူး။ငါမင်းကို ငါနဲ့အတူရုပ်လွှန်ပညာ လေ့ကျင့်ခိုင်းတာက မင်းကြွံခိုင်းမှုတိုးမြှင့်လာဖို့အတွက်ပဲ၊ ဒါပေမဲ့ သရဲဖမ်း ရာမှာမင်းအရည်အချင်းကတော်တော်ကောင်းနေပြီး မင်းဘာသာမင်းယင်- ယန်မျက်လုံးကိုဖွင့်နိုင်လိမ့်မယ်လို့ငါမမျှော်လင့်ထားခဲ့မိဘူး။"

"ငါအရင်က မင်းအနည်းငယ်လောက်သင်ယူနိုင်တာနဲ့တင်လုံလောက်ပါ ပြီလို့တွေးထားခဲ့တာ၊ အနည်းဆုံးတော့ ဒါက အကျိုးအမြတ်ရတဲ့လဲလှယ်မှု တစ်ခုပဲ။"

ချန်းယု လူအိုကြီးအား မယုံသင်္ကာတဲ့ပုံစံနဲ့ကြည့်လိုက်ကာ၊ သူမပုံစံက ဒီ လိုအချိန်မျိုးမှာတောင် အဘိုးကကျွန်မကိုလိမ်ချင်နေသေးတာပဲလို့ ပြောချင် နေတဲ့ပုံစံဖြစ်နေလေတယ်။

"ဘယ်တုန်းကနင့်ကိုငါလိမ်ဖူးလို့လဲ?" လူအိုကြီးကဒေါသသူပုန်ထကာ ပြောလာလေတယ်၊ "ငါငယ်စဉ်တုန်းက၊ တစ်ယောက်ယောက်ကသာ ငါ့ကို ပယောဂချွတ်ေစချင်တယ်ဆိုရင် အနည်းဆုံးတစ်မီလီယံမပေးဘူးဆိုရင် ငါ့မျက်နှာတောင် သူတို့မြင်နိုင်တာမဟုတ်ဘူးဟ။"

ချန်းယုရဲ့မျက်နှာက : ကျွန်မကိုယ်တိုင်စစ်ဆေးလို့မရမှတော့၊ အဘိုး အလိုရှိသလိုအဘိုးကြွားဝါလို့ရတာပေါ့။

"ထားလိုက်တော့၊ ထားလိုက်တော့" အဘိုးအို သူ့ကိုယ်သူကာကွယ်ဖို့ကို

လက်လျှော့လိုက်ပါတော့တယ်။"မင်းအဖေကမြို့တော်ဝန်ပဲ၊ ငါပြောနိုင်တာကတော့ အနာဂတ်မှာနင်ပိုက်ဆံမရှိတဲ့အချိန်ရှိတော့မှာမဟုတ်လေဘူး။ ဒီလိုပဲ၊ တကယ်တော့မင်းက ဂမ္ဘီရအာရုံခံတံခါးကိုဖွင့်ထားတော့၊မြို့မှာရှိတဲ့သရဲတွေက ဒီရွာလေးမှာရှိတာတွေကရက်စက်ကြမ်းကြုတ်ကြတယ်၊ ဒီဟာ

တွေက မင်းကိုအနည်းငယ်လောက်တော့ ကာကွယ်မှုပေးနိုင်လိမ့်မယ်၊ မင်းအဲ့တာတွေကို အသုံးမပြုရရင်တော့အကောင်းဆုံးပေ့ါဟာ။"

"အဘိုး တကယ်ကြီး ဒီသံလိုက်အိမ်မြှောင်နဲ့ခွဲနိုင်တယ်ပေ့ါ" ချန်းယု သူမလက်ဖဝါးအရွယ်လောက်ကြီးတဲ့ သံလိုက်အိမ်မြှောင်တစ်ခုကို အဝတ်အိတ်ထဲမှထုတ်ယူလိုက်လေသည်၊ လူအိုကြီးရဲ့ အဖိုးတန်ဆုံးသောပစ္စည်းက ဒီသံလိုက်အိမ်မြှောင်ဆိုတာကို သူမသိလေသည်။

"အဲ့တာကိုမပြုတ်ကျစေနဲ့" လူအိုကြီးက ထိုဟာကိုပြန်လိုချင်တဲ့ ကိုယ်အနေအထားမျိုးပြုလာလေတယ်။

ချန်းယု သူမလက်အားချက်ချင်းပြန်နောက်ဆုတ်လိုက်လေသည်။

လူအိုကြီးက သူ့လျှာကိုချက်ခနဲမြည်စေလိုက်ပြီး ဆက်ပြောလာလေတယ်။ "ဒီသံလိုက်အိမ်မြှောင်က စိတ်စွမ်းအားပါဝင်တဲ့ပစ္စည်းတစ်ခုပဲ၊ နင်အပြင်မှာအဲ့တာကိုမသုံးရရင်တော့အကောင်းဆုံးပေ့ါ၊ အဲ့တာက ပျောက်သွားဖို့အရမ်းလွယ်လွန်းတယ်။"

"ပျောက်သွားတာ? ဒီတော့ ဒါကသူ့ဘာသာခြေထောက်ပေါက်ပြီးထွက်ပြေးနိုင်တယ်ပေ့ါ။" ချန်းယုအလေးမထားပဲပြောလာလိုက်သည်။

"မင်းဘာသာမင်းသိလာလိမ့်မယ်။"

လူအိုကြီးက အခြားအရာတွေကိုထပ်ပြီးရှင်းပြချင်နေသေးပေမဲ့၊

မိန်းကလေးရဲ့အစ်ကို၊ ချန်းယန်ကရောက်ရှိလာခဲ့လေတယ်။ သူက ယဥ်ကျေးပြုငှာစွာပြောလာလေတယ် "ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော်တို့အခုသာမထွက်သွားဘူးဆိုရင် ဒီတောင်ကနေမထွက်နိုင်ပဲ မှောင်သွားနိုင်တယ်။"

တာမူက နက်ရှိုင်းတဲ့တောင်ကြားမှာတည်ရှိတာဖြစ်လေတယ်၊ ပြီးတော့ အပြင်ဘက်ကိုသွားတဲ့လမ်းကလည်း ကွေ့ကောက်ပြီး ရှုပ်ထွေးလှလေသည်၊ ဒီအပြင် ၊ ဆိုင်ကယ်ဖြင့်သာအပြင်ကိုသွားလာနိုင်လေတယ်၊ ကားတွေကမဝင်ရောက်နိုင်လေဘူး။ ဒီအချိန်မှာ၊ ချန်းယန်ဆိုင်ကယ်သုံးကာ ရွာကိုလာခဲ့တာဖြစ်လေတယ်၊ ဒီရဲ့အမြန်နှုန်းက ကားတစ်စီးလောက်မမြန်ဆန်လှလေဘူး၊ ဒါကြောင့် လမ်းမှာအချိန်ဆွဲနေမယ်ဆိုရင် သူတို့တောင်ထဲမှာပဲ ပိတ်မိနေနိုင်လေသည်။

လူအိုကြီးခေါင်းညိတ်ကာ၊ သူ ချန်းယုအား နောက်ဆုံးအကြိမ်ကြည့်လိုက်ပြီး ပြောလာလေသည်။ "ငါ့အထဲမှာစာလည်းထည့်ထားသေးတယ်၊ မင်းအချိန်ရရင်ကြည့်ကြည့်လိုက်ပေါ့။"

"အဘိုးကြီး..." ချန်းယု နှစ်တွေအများကြီးအတူနေလာခဲ့တဲ့အဘိုးအိုအား ဖက်လိုက်လေသည်။

"ဟုတ်ပါပြီ၊ မငိုနဲ့တော့ ကဲသွားတော့" လူအိုးကြီးမျက်နှာကလည်း အင်တင်တင်ဖြစ်နေလေတယ်။

"နွေဦးပိတ်ရက်ရောက်လာတာနဲ့ ကျွန်မအဘိုးဆီလာလည်လိုက်မယ်" ချန်းယုသူ့ကိုကတိပေးလိုက်လေသည်။

--တစ်ရက်ကြာပြီးနောက်၊ ချန်းမိသားစုနေအိမ်၊ အင်ပါယာမြို့တော်ရဲ့ စစ်သားတွေနေထိုင်ရာခြံဝင်းထဲက--

"ငါ့နာမည်ကချန်းကျန်းရွှမ်၊မင်းအဖေပါ" လူကြီးရဲ့တည်ကြည်လေးနက်တဲ့မျက်နှာပေါ်မှာ ညင်သာမှုလေးဖြတ်ပေါ်လာပါတယ်၊ သူ့ရဲ့ခိုင်မြဲတဲ့မျက်နှာပေါ်ကနေ၊ ဒီအမူအယာက သူပြုမူနေကြအမူအယာမဟုတ်လေမှန်းသိသာလှလေတယ်။

"ကျွန်မ…ကျွန်မနာမည်ကချန်းယုပါ" ချန်းယု သူမစိုးရိမ်မှုအနည်းငယ်ရှိနေတာကို သူမကိုယ်တိုင်တောင်သတိမမူမိနေလေဘူး။

"မင်းငါ့ကိုအဖေလို့ခေါ်သင့်တယ်" မြို့တော်ဝန်ချန်းက သူမအားသတိပေးလာလေသည်။

"…အဖေ" ချန်းယုဒီစကားလုံးကို ဖျစ်ညှစ်ပြီးမထွက်ခေါ်ခင် အနည်းငယ်တွန့်ဆုတ်သွားမိလေသည်။

"အင်း"မြို့တော်ဝန်ချန်းခေါင်းညိတ်ကာ၊ သူ့ရဲ့တောင့်တင်းတဲ့မျက်နှာအမူအယာကနေ အပြုံးတစ်ခုပေါ်ထွက်လာခဲ့ပါတယ်၊ "အိမ်ကနေကြိုဆိုပါတယ်။"

ချန်းယု ရှက်ရွံ့စွာပြန်ပြုံးပြလိုက်လေသည်။

"ငါကမင်းအမေပါ" ချန်းယုအခန်းထဲဝင်လာကတည်းက၊ သူမသမီးကိုကြည့်ရှုနေတဲ့ အမေချန်း၊ သူမကိုယ်သူမမိတ်ဆက်ဖို့ မစောင့်နိုင်လေတော့ဘူး။

"အမေ" သူမအဖေကိုခေါ်ပြီးနောက်တော့ သူမအမေကိုခေါ်ဆိုရတာက မခက်ခဲလေတော့ဘူး။

"အင်း" အမေချန်း သူမအသံဆို့နင်သွားပြီး သူမမျက်ရည်တွေစီးကျလာလေတော့တယ်၊ သူမသမီးကို သူမလက်တွေထဲ တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားရင်းနဲ့ပေ့ါ။

ချန်းယု အမေချန်း ဝမ်းနည်းကြေကွဲစွာငိုလာလိုက်မယ်လို့ မထင်ထားမိတာကြောင့် သူမချက်ချင်းပျာယာခပ်သွားကာ၊ ဘယ်လိုချော့ပေးရမလဲမသိဖြစ်သွားလေတယ်၊ သူမ သူတို့တွေထဲကမှ သူမနဲ့အချိန်ကြာဆုံးအတူဆက်သွယ်ပြောဆိုလာခဲ့တဲ့ သူမအစ်ကိုထံအကူအညီတောင်းလိုက်လေတော့သည်။

"အမေ၊ ညီမလေးက တစ်ရက်လုံး လေယာဉ်ပေါ်ထိုင်လာခဲ့ရတာ၊ဘသူမပင်ပန်းနေလောက်တယ်၊ သူမကိုတစ်ခဏလောက်အရင်အနားယူခိုင်းလိုက်ပါဦး။" ပြောရရင် ချန်းမိသားစုရဲ့အဖေကော သားရောက အမေချန်းငိုတာကို မကြည့်ရက်နိုင်ကြလေဘူး။

"ဟုတ်သား၊ ဟုတ်သား၊ ပင်ပန်းနေမှာပဲ။မင်းညီမလေးကို အပေါ်ထပ်မှာအရင်အနားယူပါစေဦး၊ မဟုတ်သေးဘူး၊ငါပဲသူမကိုခေါ်သွားလိုက်မယ်။" အမေချန်း ငိုတာချက်ချင်းရပ်လိုက်ကာ ချန်းယုအား အပေါ်ထပ်အနားယူရန်ခေါ်သွားလေတယ်။

အတိုချုပ်မိတ်ဆက်ပြီးနောက်မှာတော့၊ အခန်းထဲတစ်ယောက်ထဲကျန်နေခဲ့တဲ့ချန်းယု၊ စိတ်သက်သာရစွာသက်ပျင်းချလိုက်လေတယ်၊ ဒါပေမဲ့ သူမအိပ်ချင်တယ်လို့ လုံးလုံးမခံစားရလေဘူး။ အောက်ထပ်က လူသုံးယောက်သူမအကြောင်းဆွေးနွေးဖို့ထိုင်နေမယ်ဆိုတာကို သူမသိနေလေတယ်၊ ဒါပေမဲ့ ပြောရရင်၊ သူမခေါင်းထဲမှာလည်းရှုပ်ထွေးနေလေတယ် : ချန်းယုသူမဘဝထဲရုတ်တရက်ပေါ်လာတဲ့ သူမမိသားစုသုံးယောက်နဲ့ ဘယ်လိုဆက်ဆံပြောဆိုရမလဲဆိုတာကို သူမမသိလေဘူး။

ချန်းယု တခဏလောက်တွေးပြီးနောက်၊ သူမ လူအိုကြီးပြောလိုက်တဲ့စာကိုအမှတ်ရသွားလေတယ်၊ ဒီတော့သူမအဝတ်အိတ်ကိုယူလိုက်လေသည်။ ချန်းယု သံလိုက်အိမ်မြှောင်၊cinnabar(အနီရောင် ပြဒါးကန့်ဒြပ်ပေါင်းတစ်

မျိုး)၊နဲ့ အဝါရောင်စာရွက်တစ်အုပ်လိုက်ကို လွယ်အိတ်ထဲကထုတ်ယူကာ စားပွဲပေါ်နေရာချလိုက်လေသည်၊ ထို့နောက် သူမအဝါရောင်စာရွက်တွေနဲ့ ရောနေတဲ့ စာအိတ်ကိုမြင်လိုက်လေတယ်။သူမစာအိတ်ကိုဖောက်ပြီးကြည့်ဖို့ပြင်လိုက်ချိန်၊ သံလိုက်အိမ်မြှောင်က ရုတ်တရက်ကြီးလှုပ်ရှားလာလေသည်။

"ဟမ်?"ချန်းယုစာအိတ်ကို သူမလက်ထဲကိုင်ထားပြီး သံလိုက်အိမ်မြှောင်ကိုကောက်ယူကာ ကြည့်ရှုစစ်ဆေးလိုက်လေတယ်။ "ဒါကအစောက လှုပ်ရှားနေတာမဟုတ်ဘူးလား?"

ချန်းယုကိုပြန်လည်းဖြေဆိုနေသလိုမျိုး၊ သံလိုက်အိမ်မြှောင်က နည်းပါးတဲ့အံ့ဩဖွယ်ကောင်းတဲ့အလင်းရောင်တွေ သူ့အထဲမှထုတ်လွှတ်လာလေသည်။

"မသန့်ရှင်းတဲ့တစ်ခုခုကိုနင်ရှာတွေ့ထားလို့လား?" ချန်းယုသူမပတ်ပတ်လည်မှာ မကောင်းတဲ့အငွေ့အသက်တွေကို အာရုံမခံမိလေဘူး၊ သူမသရဲတွေလွင့်မျောနေတာကိုလည်းမမြင်တွေ့မိလေဘူး။ဒါတင်မဟုတ်သေးဘူး၊ သံလိုက်အိမ်မြှောင်ထဲက ဖန်ရွှေကလည်းကောင်းမွန်လှလေတယ်၊ လေထုထဲမှာ စိတ်စွမ်းအားအနည်းငယ်ရှိနေလေတယ်။(ဖန်ရွှေဆိုတာက ပတ်ဝန်းကျင်၊အရာဝတ္ထုတွေကိုနေရာချတာနဲ့သက်ဆိုင်တယ်၊ ဥပမာအနေနဲ့ အိမ်၊မျှော်စင်၊အုတ်ဂူစတာတွေကို မင်္ဂလာအရှိဆုံးစွမ်းအင်ရှိတဲ့နေရာမှာထားရှိရရန်ဖြစ်တယ်။)

"ဝီ ဝီ!"

သံလိုက်အိမ်မြှောင်က ရုတ်တရက်လည်ပတ်လာကာ မြောက်အရပ်ကိုညွှန်ပြလာလေတယ်။ချန်းယုမျက်ဝန်းထဲ ဖျက်ခနဲလက်သွားလေသည်၊ သူမချက်ချင်းပဲ သံလိုက်အိမ်မြှောင်ညွှန်ပြရာအရပ်ကိုလိုက်သွားလေတယ်၊

ပြတင်းပေါက်ဆီလျှောက်သွားပြီး အပြင်ဘက်ကိုတည့်တည့်မတ်မတ် ကြည့်ရှုလိုက်လေတယ်။

"အဲ့မှာဘာမှမရှိပါဘူး အာ၊ နင်ဘာကိုရှာတွေ့တာလဲ?" ချန်းယုတခဏ လောက်ကြည့်ရှုကြည့်ပေမဲ့ သူမဘာတး်ခုကိုမှမမြင်ရလေဘူး။

"ဝိ ဝိ!"

သူမလက်ထဲက သံလိုက်အိမ်မြှောင်က မထိန်းချုပ်နိုင်တော့တဲ့အထိ ခါ ယမ်းနေကာ၊ အချိန်အနည်းငယ်လောက် သတိလက်လွတ်ဖြစ်သွားတာ ကြောင့်၊ သံလိုက်အိမ်မြှောင်က သူမလက်ထဲကနေလွတ်သွားပြီး ပြတင်းပေါက်ကနေပျံသန်းသွားလေသည်။

"အို တကယ်ကြီးပဲ...ဒါကတကယ်ကြီးထွက်ပြေးသွားတာပဲ။" ချန်းယု သံလိုက်အိမ်မြှောင်ပျံထွက်သွားရာဘက်ကိုကြည့်လိုက်ပြီး၊ သူမ ပြတင်းပေါက်ဘေးဆယ်စက္ကန့်လောက်တုံ့ဆိုင်းနေပြီးနောက်၊ သူ့နောက်ကို လိုက်ဖို့ခုန်းဆင်းလိုက်လေသည်။

ချန်းယု စစ်တပ်နေထိုင်ရာခြံဝင်းတွေရဲ့ မြောက်ဘက်အကျဆုံးထောင့် နေရာတစ်ခုအထိလိုက်လာခဲ့လေသည်။အဆောက်အအုံကို သဘာဝလွန် အရှိန်အဝါက ကာရံထားတာကိုသတိထားမိလေတာကြောင့်၊ချန်းယု သံလိုက်အိမ်မြှောင် ဘာကြောင့် ဒီနေရာကိုပျံလာခဲ့လဲဆိုတာသိသွားခဲ့လေ သည်။မကောင်းတဲ့အရာကိုရှာတွေ့တဲ့အစား ဖြစ်နေတာက သံလိုက် အိမ်မြှောင်က ကောင်းမွန်တဲ့အရာကိုရှာတွေ့သွားတာကြောင့် ခိုးယူရန် ရောက်လာခဲ့တာဖြစ်လေသည်။

ချန်းယု တွန့်ဆုတ်သွားလေတယ်၊ထို့နောက်တော့ သူမတံခါးရှေ့လျှောက် လာကာ တံခါးကိုညင်ညင်သာသာခေါက်လိုက်လေသည်။ မကြာခင်မှာပဲ၊ ခြံ ဝင်းတံခါးပွင့်လာကာ၊ အနောက်တိုင်းဝတ်စုံကိုဝတ်ဆင်ထားပြီး သားရေ

ဂျက်တတ်ကိုဝတ်ဆင်ထားတဲ့အမျိုးသားတစ်ဦးက သူမရှေ့ရပ်လာလေတယ်။

ဒါက ချန်းယု သူမပထမဆုံး လူသားတစ်ယောက်ရဲ့ကိုယ်ခန္ဓာထဲ ဒီလိုမျိုးမကောင်းတဲ့စွမ်းအားအများအပြားရှိနေတာကို မြင်ဖူးတာဖြစ်လေပြီး သူမမရည်ရွယ်ဘဲမျက်မှောင်ကြုတ်မိသွားလေသည်။

"မင်းဘယ်သူကိုရှာနေတာလဲ?" အမျိုးသားကမေးလာလေသည်။

"ဒါက၊ ကျွန်မတောင်းပန်ပါတယ်၊ရှင့်ခြံဝန်းထဲ ပစ္စည်းတစ်ခုကျသွားလို့ပါ၊ကျွန်မဝင်ပြီး အဲ့တာကိုကောက်လို့ရမလားရှင့်?" ချန်းယု အပြုံးနဲ့မေးလာလိုက်တယ်။

"ဒီမှာ မင်းဟာဘာတစ်ခုမှမရှိဘူး" အမျိုးသားက တံခါးကိုချက်ခနဲပိတ်ချလိုက်လေသည်။

"..."ချန်းယု တံခါးကိုဆက်လက်ခေါက်နေလိုက်တော့တယ်။

ဒီတစ်ခေါက်တံခါးဖွင့်လာသူက အစောကအမျိုးသားပဲဖြစ်လေတယ်။ချန်းယုကိုသူမြင်လိုက်တော့ သူမျက်မှောင်ကြုတ်ကာမေးလိုက်လေတယ်။ "ဘာလဲ?"

"ကျွန်မတကယ်ပဲပစ္စည်းတစ်ခုကျသွားခဲ့လို့ပါ၊ သံလိုက်အိမ်မြှောင်တစ်ခုလေ၊ဒီလောက်ထိကြီးတယ်၊ အဲ့တာက အခုလေးတင်ပဲကျသွားခဲ့တာ၊ ကျေးဇူးပြုပြီး ကျွန်မကိုဝင်ပြီးရှာခွင့်ပေးပါ။ ရှင်စိတ်ပူနေတယ်ဆိုရင်၊ ရှင်ကျွန်မနောက်ကိုသာလိုက်လာခဲ့လေ။" ချန်းယုထပ်မံရှင်းပြလိုက်လေသည်။

"ကျေးဇူးပြုပြီး ထွက်သွားပေးပါ" အမျိုးသားက စိတ်မရှည်စွာပြောလာပြီး တံခါးကိုထပ်မံပိတ်ချလိုက်လေသည်။

ချန်းယု အချိန်ကိုကြည့်လိုက်ေတာ့၊ညစာစားရန်အချိန်ရောက်နေတာကို

သူမတွေ့လိုက်တယ်။ သူမ ညစားမစားခင်အလျင်စလိုပြန်မှဖြစ်မယ်၊ သူမ မိသားစုနဲ့ပထမဆုံးတွေ့တဲ့နေ့ကို သူမဒီလိုမျိုးပျောက်သွားတာမျိုးဖြစ်လို့မ ဖြစ်လေဘူး။

ချန်းယု ခြံဝန်းပတ်လည်လျှောက်ကြည့်လိုက်လေတယ်၊ သူမ တစ် ယောက်မှဘေးနားမှာမရှိတဲ့နေရာတစ်ခုကို ရှာတွေ့လိုက်တော့၊ မန္တန်ကိုတီး တိုးရေရွတ်လိုက်လေသည်။ သူမမှာအခြားနည်းလမ်းမရှိလေဘူး။ သူမ အင်္ကျီလက်တွေကိုခေါက်ပြီး သူမကိုယ်ကိုလှည့်လိုက်ကာ သူမနံရံကိုတက် ပြီး ခြံဝန်းထဲဝင်လာလိုက်လေသည်။ အထဲမှာ၊ သံလိုက်အိမ်မြှောင်ရဲ့အနံ့ နောက်လိုက်လာပြီး၊ ကျောက်တုံးပေါ်မှီကာ ဘေးပတ်ဝန်းကျင်က လျှို့ဝှက် ဆန်းကြယ်တဲ့အရိုန်အဝါတွေကိုစုပ်ယူနေတဲ့သံလိုက်အိမ်မြှောင်ကိုသူမရှာ တွေ့လိုက်လေသည်။ အဲ့တာကိုကောက်ယူပြီးနောက်မှာတော့၊ သူမအဝေး ကိုလျှောက်သွားချင်တာကြောင့် သူမကိုယ်ကိုလှည့်လိုက်တော့ သူမရှေ့ ရောက်နေတဲ့ ခြောက်လုံးပြူးသေနတ်တွေကိုသာသူမတွေ့လိုက်ရလေ တော့သည်။

ချန်းယု အလွန်အသိနိုးကြွားလာပြီး သူမလက်နှစ်ဖက်ကိုချက်ချင်းမြှောက် လိုက်လေသည်။

သူမနှလုံးသားထဲမှာတော့ လူအိုးကြီးပြောတာတွေကအမှန်ပဲလို့တွေးနေ တော့တယ်၊ မြို့တော်ကတကယ်ကိုအန္တာရာယ်များတာပဲ။

နံရံအခြားတစ်ဖက်ရဲ့ညှော်ခန်းထဲမှာတော့၊ လော့မင် တံခါးအပြင်ဘက်ကို တစ်ချက်ကြည့်ပြီးနောက် မေးလာလေတယ်။ "အပြင်မှာဘာဖြစ်နေတာ လဲ?"

"တစ်စုံတစ်ယောက်က နံရံကိုကျော်ပြီး အထဲဝင်လာလို့ပါ" လော့မင် ရဲ့လက်ထောက်၊ဟဲကျီ တင်ပြလာလေသည်။

လော့မင် မေးရင်းနဲ့သူ့မှာအနည်းငယ်အံ့သြနေမိလေတယ်။ "ဘယ်သူ့ဘက်ကလူလဲ?"

"အခုလေးတင်ပြန်ခေါ်လာခဲ့တဲ့ မြို့တော်ဝန်ချန်းရဲ့သမီး၊ ချန်းယုပါ" ဟဲကျိပြန်ဖြေလာလေသည်။

***